# ကင်ဆာရောဂါနှင့်နောက်ဆုံးပေါ် ကုထုံးများ

ရေးသားသူ (သက်တန့်ချို)

ကင်ဆာ...ကင်ဆာတဲ့ မြန်မာလိုဆိုရင် မြစ်ပွားနာတဲ့ medical term အရခေါ် ရင် carcinoma ပေါ့... အရင်ခေတ်တုန်းကဆိုရင်အရမ်းကိုကြောက်ဖို့ကောင်းတဲ့ရောဂါပါ........လူတွေတရား မှတ်ထားတာက ကင်ဆာဖြစ်ရင်သေပြီ...သေကိုသေရမယ်လို့မှတ်ယူထားတာ..ကျွန်တော်လဲ ဆေးကျောင်းမတတ်ခင်အထိတော့အဲဒီလိုဘဲထင်တာပေါ့...ကဲဒါဆိုကင်ဆာရောဂါဖြစ်ရင်မ သေနိုင်ဘူးလားလို့မေးစရာရှိပါတယ်........ရှင်းရှင်းပြောရရင်မသေနိုင်တဲ့ကင်ဆာရောဂါတွေရှိ ပါတယ်.......ကုထုံးတွေနဲ့နောက်ဆုံးပေါ် ဆေးဝါးတွေ....နည်းလမ်းတွေပေါ် ပေါက်လာပြီဖြစ်ပါတယ်........... ....................

ကင်ဆာဆိုတာဘာလဲ??????????????????

အရှင်းဆုံးပြောရရင် ကင်ဆာဆိုတာ organ တစ်ခုမှာဖြစ်တယ် အခြားorgan တွေကိုအလျှင်အမြန်လိုက်ပြန့်နှံ့တဲ့ metastatic ရောဂါတစ်မျိုးပေါ့..........ယေဘူယျအားဖြင့် ၂မျိုးခွဲခြားနိုင်ပါတယ်......တစ်မျိုးက benign နောက်တစ်မျိုးက malignant.......Benign ဆိုတာကကင်ဆာမဖြစ်ခင်အဆင့်ပါ...benign အဆင့်ကနေ malignant ဆိုတဲ့ကင်ဆာအဆင့်ကို ကူးပြောင်းနိုင်ပါတယ်.....မကူးပြောင်းဘဲနဲ့သူ့ဟာသူ benign အဆင့်မှာဘဲ Resolve ဖြစ်သွားတာလဲ ရှိပါတယ်.......

ဘာတွေကကင်ဆာရောဂါကိုဖြစ်စေသလဲ??????????????

ကင်ဆာရောဂါကိုဖြစ်ပွားစေတဲ့အချက်အလက်ပေါင်းမြောက်များစွာရှိပါတယ်......နည်းလမ်း၂သွယ် ရှိပါတယ်........တစ်နည်းကလူတွေကကင်ဆာရောဂါကိုဖိတ်ခေါ် တယ်....နောက်တစ်နည်းက ကင်ဆာရောဂါကမဖိတ်ခေါ် ဘဲကိုယ့်ဆီလာတယ်......ပထမနည်းကတော့ လူတွေက အရက်သောက်တယ်.... အသဲအဆီဖုံးတယ်.အသဲခြောက်တယ်......နောက်ပြီးအသဲကင်ဆာ ဖြစ်တယ် ဆေးလိပ်သောက်တယ်....ကိုယ်ခံအားကျတယ်........ချောင်းတဟွတ်ဟွတ်ဆိုးပြီး အဆုတ်ကင်ဆာဖြစ်တယ်........လိင်ဆက်ဆံမှုများတဲ့ပြည့်တန်ဆာတွေမှာ သားအိမ်ခေါင်းကင် ဆာဖြစ်တယ်......ယေဘူယျအားဖြင့် ကင်ဆာဆိုတာ အသက်ကြီးတဲ့လူတွေ...အလုံးစုံချို့ယွင်းနေတဲ့ လူ (debilitating patients ) တွေမှာအဖြစ်များပါတယ်.....ဒုတိယနည်းကတော့မျိုးရိုးလိုက်တာပါ.... မိဘရဲ့ gene တွေကနေသားသမီးဆီ သယ်ဆောင်ပေးတယ်.....ဥပမာ..ကိုရီးယားနိုင်ငံမှာဆို leukemia ဆိုတဲ့ သွေးကင်ဆာအဖြစ်များတယ်..... ဒါဟာသူတို့ရဲ့နေထိုင်စားသောက်ပုံနဲ့ ပတ်ဝန်းကျင်အခြေအနေနဲ့ ဆိုင်သလို......မျိုးရိုးဗီဇနဲ့လဲအများကြီးဆိုင်ပါတယ်.....အမေမှာရင်သားကင်ဆာဖြစ်ဘူးတယ် သားသမီးတွေမှာလိုက်ဖြစ်တယ်....မိဘမှာ အစာအိမ်ကင်ဆာ (gastric carcinoma ) , အစာပေါင်း အိမ်ကင်ဆာ (CA rectum) ရှိတယ် သားသမီးတွေမှာပါလိုက်ဖြစ်တယ်...ဘာသာရေးအရကြည့်ရင်တော့ ရေးကုသိုလ်ကံပါလာလို့ပေ့ါ အခြားကင်ဆာဖြစ်စေတဲ့နည်းလမ်းတွေလဲရှိပါသေးတယ်.....ဥပမာ radiation ဓါတ်ရောင်ခြည်သင့်လို့ ရိုးတွင်းခြင်ဆီ (bone marrow) ပျက်ဆီးတာတို့ နေရောင်ခြည်ဒါဏ် (UV light ) သင့်လို့ အရေပြားကင်ဆာဖြစ်တာတို့လဲရှိပါတယ်

ကဲကင်ဆာဖြစ်ပါပြီတဲ့ ... ဒီအတိုင်းဘဲအသေခံကြမလား??????????????????????????

ဒီလိုခေါတ်ကြီးထဲမှာမဖြစ်သင့်တော့ပါဘူး နောက်ဆုံးပေါ် ကုထုံးတွေရှိသလို ကာကွယ်နိုင်မယ့်

နည်းလမ်းတွေလဲရှိပါတယ်
နောက်ဆုံးပေါ် ကုထုံးတွေနဲ့ ဆေးဝါးတွေအကြောင်းတွေကိုတော့ ဆက်လက်တင်ပြပေးပါ့မယ်...............